# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# ဓာတုဝိဘာဂဒီပနီဆေးကျမ်း (ပေမူ) ပါ
# တိုင်းရင်းဆေးပညာရပ်များမှ ဝေဿာရဏ္ဍ(ဆေးပုလဲကလာပ်)ဆေး အား
# မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် မှတ်ပုံတင်စာရင်း
# (ပထမအကြိမ်) တွင် စာရင်းဝင်သော မှတ်တမ်းအား
# တင်ပြခြင်း

၂၀၂၀ ပြည့်နှစ်၊ ဇွန် လ

တိုင်းရင်းဆေးပညာဦးစီးဌာန

*Title (EN): Waitha Razza (Gentian) medicine ဖြင့် [http://mchms.net/](http://mchms.net/) တွင် ဖော်ပြပါရှိခြင်း*

---

| | |
|---|---|
| Classification | ICH-Knowledge and Practices concerning Nature and the Universe-Medicine- |
| Title(EN) | Waitha Razza (Gentian) medicine |
| Title(MY) | ဝေဿာရဇ္ဇ(ဆေးပုလဲကလာပ်)ဆေး |
| Period | နှစ်ပေါင်း ၁၅၅ နှစ်ကျော် |
| Location | တိုင်းရင်းဆေးပညာဦးစီးဌာန၊ နေပြည်တော် |
| Place of Origin | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊နေပြည်တော် |
| Material | မြန်မာ့တိုင်းရင်းဆေး |
| Serial Number(*) | 06-15015-00-0001- -03042020 |

| | |
|---|---|
| Latitude | 19.8453 |
| Longitude | 96.142 |
| Department | Ministry of Religious Affairs and Culture Department of Archaeology and National Museum |
| Registrant | thuzar |
| Registration date | April 3, 2020 |

**Reference(En)**

Myanmar National Intangible Cultural Heritage Registration List (First Round) ၊ Registration number.1460/4.195

**Reference(My)**

မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်မှတ်ပုံတင်စာရင်း(ပထမအကြိမ်) ၊ မှတ်ပုံတင်နံပါတ် ၁၄၆၀/၄.၁၉၅

List

MCHMS Myanmar Cultural Heritage Management System Copyright. All rights reserved.

**Remarks(My)**

(၁) အတိုချုပ်ဖော်ပြချက် - တိုင်းရင်းဆေးပညာ ဦးစီးဌာန စတင်တည်ထောင် သည်မှစ၍ ဆေးဝါး အနေဖြင့် နိုင်ငံတစ်ဝန်းရှိ တိုင်ရင်းဆေးရုံများ နှင့် တိုင်ရင်းဆေးကုဌာနများမှ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ရာတွင် ယနေ့ထက်တိုင် အားထားအသုံးပြုရသည့် ဆေးဖုံ တစ်ခုဖြစ် ပါသည်။

(၂)လက်ဆင့်ကမ်းမှု - ဝေသာရဇ္ဇ(ဆေးပုလဲ ကလာပ်) ဆေးသည် ဓာတု ဝိဘာဂ ဆေးကျမ်းပေမူ ပါ သမားအစဉ်အဆက် လက်ဆင့်ကမ်းခဲ့သည့် ဆေး နည်းတစ်ခုဖြစ်ပြီး ၁၉၇၄ ခုနှစ်မှ စတင်ကာ ဌာနသုံး တိုင်းရင်းဆေးနည်း (၅၇) မျိုးထဲတွင် ထည့်သွင်းခဲ့ ပါသည်။ တိုင်းရင်းဆေး တက္ကသိုလ်၊ ဆေးဝါးဗေဒ ဘာသာရပ်၏ သင်ရိုး ညွှန်းတမ်းတွင်လည်း ထည့် သွင်း၍ သင်ကြားလျက် ရှိပါသည်။


(၂)လက်ဆင့်ကမ်းမှု - ဝေသာရဇ္ဇ(ဆေးပုလဲ ကလာပ်) ဆေးသည် ဓာတု ဝိဘာဂ ဆေးကျမ်းပေမူ ပါ သမားအစဉ်အဆက် လက်ဆင့်ကမ်းခဲ့သည့် ဆေးနည်းတစ်ခုဖြစ်ပြီး ၁၉၇၄ ခုနှစ်မှ စတင်ကာ ဌာနသုံး တိုင်းရင်းဆေးနည်း (၅၇) မျိုးထဲတွင် ထည့်သွင်းခဲ့ပါသည်။ တိုင်းရင်းဆေး တက္ကသိုလ်၊ ဆေးဝါးဗေဒ ဘာသာရပ်၏ သင်ရိုး ညွှန်းတမ်းတွင်လည်း ထည့်သွင်း၍ သင်ကြားလျက် ရှိပါသည်။

**Reference(En)**

Myanmar National Intangible Cultural Heritage Registration List (First Round) ၊ Registration number.1460/4.195

**Reference(My)**

မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် မှတ်ပုံတင်စာရင်း(ပထမအကြိမ်) ၊ မှတ်ပုံတင်နံပါတ် ၁၄၆၀/၄.၁၉၅



mchms.net
MCHMS
Login
Map
Satellite
Ministry of
Health and Sports
Google
Map Data
Terms of Use
ICH-Knowledge and
Burmese
English

## ဒြပ်မဲ့ယဥ်ကျေးမှုအမွေအနှစ်မှတ်ပုံတင်စာရင်း(ပထမအကြိမ်)တွင် စာရင်းဝင်သော အမွေအနှစ်များအဖြစ်၊ သဘာဝနှင့်စကြဝဠာဆိုင်ရာ ဗဟုသုတနှင့်ရိုးရာ (၁၉၉) ခုတွင် ဖော်ပြပါရှိခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မြန်မာနိုင်ငံအမျိုးသားယဥ်ကျေးမှုဗဟိုကော်မတီ
အမိန့်ကြော်ငြာစာအမှတ်၊ ၂ /၂၀၂၀
၁၃၈၁ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်
( ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက် )

မြန်မာနိုင်ငံအမျိုးသားယဥ်ကျေးမှုဗဟိုကော်မတီသည်နိုင်ငံတော်သမ္မတရုံး၏ ၂၇-၆-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၇/ ၂၀၁၆ ၏ အပိုဒ် ၂ လုပ်ငန်းတာဝန်များအပိုဒ်ခွဲ(ဌ)နှင့် (၂၁.၂.၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသားယဥ်ကျေးမှုဗဟိုကော်မတီ [illegible]အကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအရ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ စာရင်းကောက်ယူပြုစုတင်ပြလာသည့် ဒြပ်မဲ့ယဥ်ကျေးမှုအမွေအနှစ်များကို သက်ဆိုင်ရာပညာရှင်များအဖွဲ့မှ စိစစ်အတည်ပြုပြီးဖြစ်သည့် အောက်ဖော်ပြပါ ဒြပ်မဲ့ယဥ်ကျေးမှုအမွေအနှစ်များကို မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဥ်ကျေးမှုအမွေအနှစ်မှတ်ပုံတင်စာရင်း(ပထမအကြိမ်)တွင် စာရင်းဝင်သောအမွေအနှစ်များအဖြစ် သတ်မှတ်လိုက်သည် -

| | | |
|---|---|---|
| (က) | ပါးစပ်ရာဇဝင်နှင့်ဖော်ပြချက်များ၊ ဘာသာစကားများ | ၁၀၄ ခု |
| (ခ) | ဖျော်ဖြေတင်ဆက်မှုအနုပညာများ | ၅၀၆ ခု |
| (ဂ) | လူမှုရေးအစဥ်အလာအလေ့အထများ၊ ရိုးရာဓလေ့များနှင့် ပွဲတော်များ | ၆၅၁ ခု |
| (ဃ) | သဘာဝနှင့်စကြဝဠာဆိုင်ရာဗဟုသုတနှင့်ရိုးရာ အစဥ်အလာဓလေ့များ | ၁၉၉ ခု |
| (င) | ရိုးရာလက်မှုပညာရပ်များ | ၈၂၉ ခု |

ဦးဟင်နရီဗန်ထီးယူ
ဥက္ကဋ္ဌ
မြန်မာနိုင်ငံအမျိုးသားယဥ်ကျေးမှုဗဟိုကော်မတီ

စာအမှတ်၊ ၂/ ၃ - ၁၁ / ယဥ်ကျေးမှု ( ၂၁၅၈ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ မတ်လ ၂၆ ရက်

ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ဒုတိယသမ္မတ(၁)ဦးစီးရုံး
ဒုတိယသမ္မတ(၂)ဦးစီးရုံး

# ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လိုအပ်သလို ဆက်လက်ဆောင်ရွက်ရန် အကြောင်းကြားစာ ပေးပို့ခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

ဝန်ကြီးရုံး

စာအမှတ်၊ ၃မက(တ)၂၀၂၀/၆၁၂၅

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ( ၇ )ရက်

ညွှန်ကြားရေးမှူးချုပ်

ဦးစီးဌာနအားလုံး –

– ဒုတိယအမြဲတမ်းအတွင်းဝန်(အားကစား)

အကြောင်းအရာ။ **အမိန့်ကြော်ငြာစာ ပေးပို့ခြင်းကိစ္စ အကြောင်းကြားခြင်း။**

မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီသည် နိုင်ငံတော်သမ္မတရုံး၏ (၂၇-၆-၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၄၇/၂၀၁၆ ၏ အပိုဒ် ၂ လုပ်ငန်းတာဝန်များ အပိုဒ်ခွဲ(ဃ)နှင့် (၂၁-၂-၂၀၂၀)ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ စတုတ္ထအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ စာရင်းကောက်ယူပြုစုတင်ပြလာသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို သက်ဆိုင်ရာပညာရှင်များအဖွဲ့မှ စိစစ်အတည်ပြုပြီးဖြစ်သည့် ဖော်ပြပါ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်မှတ်ပုံတင်စာရင်း(ပထမအကြိမ်)တွင် စာရင်းဝင်သောအမွေအနှစ်များအဖြစ် သတ်မှတ်လိုက်ကြောင်း မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီ၏ (၂၆-၃-၂၀၂၀)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၂/၂၀၂၀ (မိတ္တူပူးတွဲ)ဖြင့် ပေးပို့ထားခြင်းအား သိရှိနိုင်ပါရန်နှင့် လိုအပ်သလို ဆောင်ရွက်နိုင်ပါရန် အကြောင်းကြားအပ်ပါသည်။

ပူးတွဲ- (၂)ရွက်

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)

(စိန်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်)

TMT 2020 (4)general

## တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဓာတုဝိဘာဂဒီပနီဆေးကျမ်း(ပေမူ)ပါ တိုင်းရင်းဆေးပညာရပ်များမှ ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်) ဆေးအား မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် (Natioanl List)သို့ တင်သွင်းနိုင်ခဲ့ခြင်းအား တင်ပြခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
တိုင်းရင်းဆေးပညာဦးစီးဌာန

စာအမှတ်၊ ၁/တဆပ(စီမံ)/၂၀၂၀ ( ၈၃၈ )
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်

သို့

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

အကြောင်းအရာ။ မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage-National List)သို့ ထည့်သွင်းခြင်းအား တင်ပြခြင်း

ရည်ညွှန်းချက်။ (၁) ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ (၂၀-၁-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၃မက(တ)၂၀၂၀/၈၉၉

(၂) တိုင်းရင်းဆေးပညာဦးစီးဌာန၏ (၅-၂-၂၀၂၀) ရက်စွဲပါစာအမှတ်၊ ၂၁/တဆပ(စီမံ)၂၀၂၀/၅၀၂

၁။ အထက်အကြောင်းအရာပါကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအမျိုးသား ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ၏ တတိယအကြိမ် အစည်းအဝေးကို (၂၁-၁-၂၀၂၀) ရက်နေ့၊ (၁၃:၀၀)နာရီမှ (၁၆:၀၀)နာရီအချိန်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ လောက နတ်အစည်းအဝေး ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ ရည်ညွှန်းပါစာအရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ကိုယ်စားတိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်းမှ တက်ရောက်ဆွေးနွေးခဲ့ပါသည်။

၂။ ရည်ညွှန်းချက်(၂)ပါစာအရ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဓာတုဝိဘာဂဒီပနီဆေးကျမ်း (ပေမူ)ပါ တိုင်းရင်းဆေးပညာရပ်များမှ ဝေသာရဇ္ဇ (ဆေးပုလဲကလာပ်)ဆေးအား မြန်မာ့ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ်(National List) သို့ ထည့်သွင်းနိုင်ရေးတင်ပြခဲ့ပါသည်။ ယခုအခါတွင် (၂၁-၂-၂၀၂၀)ရက်နေ့၌ ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှု ဗဟိုကော်မတီ၏

စတုတ္ထအကြိမ်အစည်းအဝေး တင်ပြချက်များတွင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဓာတုဗိဘာဂ ဒီပနီဆေးကျမ်း (ပေမူ)ပါ တိုင်းရင်းဆေးပညာရပ်များမှ ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်) ဆေးအား မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်(National List)သို့ တင်သွင်းနိုင်ခဲ့ခြင်းအား အသိပေးတင်ပြအပ်ပါသည်။

( ဒေါက်တာမိုးဆွေ)

ညွှန်ကြားရေးမှူးချုပ်

မိတ္တူကို

ရုံးလက်ခံ

မျှောစာတွဲ

*မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီသို့ မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (National List) သို့ ထည့်သွင်းနိုင်ရေးအတွက် ဝေသာရဇ္ဇ (ဆေးပုလဲကလာပ်) ဆေးအား ယူနက်စကိုအခြေပြုဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ပုံစံအား တင်သွင်းခဲ့ခြင်းပုံစံ*

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊ ၂၁/ တဆပ(စီမံ) ၂၀၂၀/ ၅၀၂

ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၅ ရက်

သို့

အတွင်းရေးမှူး

မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ

ရုံးအမှတ် (၃၅)၊ နေပြည်တော်

အကြောင်းအရာ။ **မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်(National List) သို့ထည့်သွင်းနိုင်ရေး အတွက်တင်ပြခြင်း**

အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဓာတုဝိဘာဂ ဒီပနီဆေးကျမ်း(ပေမူ)ပါ တိုင်းရင်းဆေးပညာရပ်များမှ **ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်) ဆေး** အား မြန်မာ့ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် (National List) သို့ထည့်သွင်းနိုင်ရေးအတွက် ယူနက်စကို အခြေပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာစာရင်းပုံစံအား ပူးတွဲပါ hard copy, soft copy (၁)စုံ ဖြင့် တင်ပြအပ်ပါသည်။

5/2/2020

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)

(ဒေါက်တာသံလွင်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်)

မိတ္တူကို

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသို့ သိသာရန် တင်ပြအပ်ပါသည်။

ရုံးလက်ခံ

မျှောစာတွဲ

*ယူနက်စကိုအခြေပြုဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ စာရင်းကောက်ယူမည့်ပုံစံ*

| ၁။ | ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ခွဲခြားသတ်မှတ်ခြင်း |
|---|---|
| ၁(က) တင်သွင်းမည့်အဖွဲ့က သတ်မှတ်သော ဒြပ်မဲ့ယဉ်ကျေးမှု၏ အမည် | ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်)ဆေး |
| ၁(ခ) အခြားအမည် (ရှိပါကဖော်ပြပေးပါ) | ဝေသာရဇ္ဇဆေးပုလဲကြီးဆေး |
| ၁(ဂ) အကျုံးဝင်သောနယ်ပယ်များ (က)ဘာသာစကား၊ နှုတ်ပြောအစဉ်အလာများနှင့် ဖော်ပြချက်များ၊ (ခ) ဖျော်ဖြေတင်ဆက်မှု အနုပညာများ၊ (ဂ) လူမှုထုံးတမ်း အစဉ်အလာ များ၊ပွဲလမ်းသဘင်များ၊ (ဃ) သဘာဝနှင့်တစ်လောကလုံး အတွက် သက်ဆိုင်သည့် အသိပညာနှင့် ထုံးစံများ (င) ရိုးရာလက်မှုပညာ (စ) ရိုးရာအားကစား (ဆ) ရိုးရာအစားအစာ | သဘာဝနှင့်တစ်လောကလုံးအတွက် သက်ဆိုင်သည့် အသိပညာနှင့်ထုံးစံများ |
| ၁(ဃ) တင်သွင်းမည့် အဖွဲ့အစည်းများ /ဆက်စပ်သော အဖွဲ့အစည်းများ | တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်။ |

| | |
|---|---|
| ၁(င) လုပ်ငန်းဆောင်ရွက်နေသော ဒေသ/ တွေ့ရှိရာနေရာ/ ထင်ရှားသော နေရာ/ ဆောင်ရွက်နေသောအခြား ဒေသများ | - တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၇)၊နေပြည်တော်။<br>- တိုင်းရင်းဆေးဝါးစက်ရုံများ၊ တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးကုဌာနများ။ |
| ၁(စ) စာရင်းတင်သွင်းသည့် ဒြပ်မဲ့ယဉ်ကျေးမှုနှင့်ပတ်သက်၍ အတိုချုပ် ဖော်ပြချက် (မြန်မာဘာသာဖြင့် စာကြောင်းရေ ၅၀ ထက် မနည်းစေရ) | - ဝေဿာရဇ္ဇ(ဆေးပုလဲကလာပ်)ဆေးသည် နှစ်ပေါင်း ၁၅၅ နှစ်ကျော် သက်တမ်းရှိသော ဓာတုဝိဘာဂဒီပနီ ဆေးကျမ်း(ပေမူ)ပါ ဆေးနည်းတစ်ခုဖြစ်ပြီး သမား အစဉ် အဆက် အသုံးပြုခဲ့ကြပါသည်။<br>- ၁၉၇၄ ခုနှစ်တွင် ပြည်သူလူထုအတွက် စနစ်တကျ ဖော်စပ်သုံးစွဲနိုင်စေရန်ရည်ရွယ်၍ တိုင်းရင်းဆေးနည်း ၅၇ မျိုးပါ ဌာနသုံးတိုင်းရင်းဆေးနည်းများစာအုပ်တွင် ထည့်သွင်း၍ နိုင်ငံတော်ပိုင်ဆေးနည်း အဖြစ် မှတ်တမ်း တင်ခဲ့ပါသည်။<br>- တိုင်းရင်းဆေးပညာဦးစီးဌာန စတင်တည်ထောင် သည့်မှစ၍ ဤဝေဿာရဇ္ဇ (ဆေးပုလဲကလာပ်ဆေး) အား ဌာနသုံးဆေးဝါးအနေဖြင့် တိုင်းရင်းဆေးဝါး စက်ရုံများက ဖော်စပ်ထုတ်လုပ်၍ နိုင်ငံတစ်ဝန်းရှိ တိုင်ရင်းဆေးရုံများနှင့် တိုင်ရင်းဆေးကုဌာနများမှ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ရာတွင် ယနေ့ထက်တိုင် အားထားအသုံးပြုရသည့် ဆေးဖုံ တစ်ခုဖြစ်ပါသည်။<br>-ဤဝေဿာရဇ္ဇ (ဆေးပုလဲကလာပ်ဆေး) သည် ဆေးဝါး ကုန်ကြမ်း ၂၅ မျိုးပါဝင်၍ စုစုပေါင်း အလေးချိန် ၄၈ ကျပ်သား (၇၆၈ ဂရမ်) ပါဝင်ပါသည်။<br>- ဆေးဝါးပုံစံမှာ အမှုန့်ပုံစံဖြစ်ပြီး ညိုဝါသောအရောင် အဆင်း ရှိပါသည်။ အနံ့မှာ ဆေးပုလဲ အနံ့ရှိပါသည်။ ပူခါး၊ စပ်သောအရသာရှိပြီး တိုင်းရင်းဆေးပညာရှင် |

| | |
|---|---|
| | များက သင်္ဟိတနာနှင့် ပထမဖြူဟနနာများကို ကုသရာတွင် အဓိကသုံးစွဲပါသည်။ (ဥပမာ အားဖြင့် - ကိုယ်တစ်ခြမ်း လေဖြတ်ခြင်း၊ ချမ်းဖျား၊ တုန်ဖျားဖြစ်ခြင်း၊ ချောင်းဆိုးခြင်း၊ သလိပ်ခဲ ကျပ်ခြင်း၊ ဝမ်းကိုက်ရောဂါ၊ ဝမ်းဖော၊ ဝမ်းပျက်ခြင်း၊ အနာဝင်မန်းတက်ခြင်း၊ အလုံးအဖု ပေါက်ခြင်း၊ ဖောရောင်ခြင်းတို့တွင် သုံးစွဲနိုင်ပါသည်။)<br>- တိုင်းရင်းဆေးပညာရှင်များ၏ ညွှန်ကြားချက်အရ သုံးစွဲရမည့် ဆေးအမျိုးအစားဖြစ်ပါသည်။ |
| ၁(ဆ) စာရင်းတင်သွင်းသည့် ဒြပ်မဲ့ယဉ်ကျေးမှုနှင့် ပတ်သက်၍ လက်ရှိ လုပ်ကိုင် ဆောင်ရွက်နေပုံ/ပြုလုပ်ပုံအဆင့်ဆင့် ရှင်းလင်းချက် (ပူးတွဲ– ဓာတ်ပုံ / ဗီဒီယို မှတ်တမ်း) | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဆေးဝါးကုန်ကြမ်း (၂၅)မျိုးပါဝင်သောဝေသာရစ္ဆ (ဆေးပုလဲကလာပ်) ဆေးအား ဌာနသုံးတိုင်းရင်းဆေးနည်းအဖြစ် သတ်မှတ်ပြီး တိုင်းရင်းဆေးဝါးစက်ရုံများမှ ဖော်စပ် ထုတ်လုပ်၍ နိုင်ငံတစ်ဝန်းရှိ တိုင်ရင်းဆေးရုံများနှင့် တိုင်ရင်းဆေးကုဌာနများမှ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်ရာတွင် သုံးစွဲလျက်ရှိ ပါသည်။ ပူးတွဲ၍ -<br>(၁) ၁၅၅ နှစ် သက်တမ်းရှိ ဓာတုဝိဘာဂဒီပနီ ဆေးကျမ်းပေမူဓာတ်ပုံ<br>(၂) ဝေသာရစ္ဆ(ဆေးပုလဲကလာပ်) ဆေးနည်း ပါဝင်သော ဓာတုဝိဘာဂဒီပနီဆေးကျမ်းစာအုပ် (ဒုတိယတွဲ၊ တတိယပိုင်း)<br>(၃) ဝေသာရစ္ဆ(ဆေးပုလဲကလာပ်)ဆေးနည်းပါ စာအုပ်မှတ်တမ်းများဓာတ်ပုံ<br>(၄) ဝေသာရစ္ဆ(ဆေးပုလဲကလာပ်)၏ ဆေးဖုံကိုဖော်ပြသော ဓာတ်ပုံ<br>(၅) ပေမူဆေးကျမ်းပါ ဝေသာရစ္ဆ (ဆေးပုလဲကလာပ်) ဆေးကိုအသုံးပြု၍ တိုင်းရင်းဆေးရုံ၊ တိုင်းရင်း |

| | |
|---|---|
| | ဆေးကုဌာနများ၏ ဆေးကုသမှု မှတ်တမ်း<br>ဓာတ်ပုံ |
| ၁(ဇ) ပစ္စည်းအမျိုးအစား<br>ခွဲခြားသတ်မှတ်ခြင်း<br>(လက်မှုပညာရပ် ဆိုလျှင်<br>ဥပမာ–ရွှေ ပစ္စည်း) /<br>တွဲဖက်စားသောက်ရခြင်း (ရိုးရာ<br>အစားအစာ ဆိုလျှင်<br>ဥပမာပဲနှပ်နှင့်ဝက်သား<br>ပုန်းရည်ဟင်း)/<br>တွဲဖက်တင်ဆက်ခြင်း (ရိုးရာဂီတ/<br>အကဆိုလျှင် ဥပမာ– မာဃ<br>ပြောနှင့်အဖိုးကြီးအိုယိမ်း) | မြန်မာ့တိုင်းရင်းဆေးအမျိုးအစားဖြစ်ပါသည်။<br>ဆေးအာနိသင်ပိုမိုထက်မြက်စေရန် တိုင်းရင်းဆေး<br>ဝေါဟာရ 'ရေလဲ' ဟုခေါ်သော အခြားပစ္စည်းများနှင့်<br>တွဲဖက်၍ သောက်သုံးရပါသည်။ (ဥပမာ - ရေနွေးပူပူ၊<br>ကွမ်းရွက်ပြုတ်ရည်၊ (ချင်း)ဂျင်းပြုတ်ရည်) |
| **၂။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းသွင်းပစ္စည်း၏သွင်ပြင်လက္ခဏာ** | |
| ၂(က) ယင်းပစ္စည်းနှင့်ပတ်သက်၍<br>အသိ အမှတ်ပြုပြဌာန်းခြင်း/<br>လက်တွေ့ လုပ်ဆောင်ရွက်ခြင်း<br>တို့တွင် တိုက်ရိုက်သော်<br>လည်းကောင်း၊ သွယ်ဝိုက်၍<br>သော်လည်းကောင်း ပါဝင်<br>ပတ်သက်နေသူ/ ပညာရှင်/<br>လုပ်ကိုင်ဆောင်ရွက်နေသူ<br>(များ)-<br>အမည်–<br>အသက်–<br>ကျား / မ–<br>အလုပ်အကိုင်– | ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်)ဆေးသည်<br>တိုင်းရင်းဆေးပညာဦးစီးဌာနပိုင် ဆေးနည်းတစ်ခု<br>ဖြစ်ပြီး တိုင်းရင်းဆေးဝါးစက်ရုံများမှ ဖော်စပ်<br>ထုတ်လုပ်ပါသည်။<br>- ဒေါက်တာသံလွင်ထွန်း<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်၊<br>တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန၊ နေပြည်တော်)<br>- ဦးစိုးမိုး(ဒုတိယညွှန်ကြားရေးမှူး၊<br>တိုင်းရင်းဆေးပညာဦးစီးဌာန)<br><br>- ဒေါ်နေနေနိုင်ရည် (လက်ထောက်ညွှန်ကြားရေးမှူး၊<br>တိုင်းရင်းဆေးပညာဦးစီးဌာန) |

| | | |
|---|---|---|
| | | - ဒေါ်မိုးမိုးသန်း(ဦးစီးအရာရှိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန)<br>- ဒေါ်စောပြည့်ပြည့်သူ(ဌာနစိတ်မှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန) တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ |
| ၂(ခ) | ပံ့ပိုးကူညီသူများ/ အဖွဲ့အစည်း များ (လုပ်ငန်းနှင့်ပတ်သက်၍ အဆင့်ဆင့် ကြိုတင်ပြင်ဆင်ပေးသူ/ လေ့ကျင့်ပေးသူ/ ငွေကြေးစိုက်ထုတ်ပေးသူ/ နည်းပညာထောက်ပံ့ပေးသူ/ လက်ဆင့်ကမ်းသူ) | တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်။ |
| ၂(ဂ) | ကျား / မ ခွဲခြားဆောင်ရွက်မှု ရှိ / မရှိ (ရှိလျှင်ဖော်ပြပေးပါ) | - မရှိ |
| ၂(ဃ) | ကျား / မ ခွဲခြားသတ်မှတ်မှု ရှိ / မရှိ (ရှိလျှင်ဖော်ပြပေးပါ) | - မရှိ |
| ၂(င) | ဒေသီယ(သို့မဟုတ်) ဒေသသုံး အခေါ်အဝေါ် (လုပ်ငန်းနှင့် သက်ဆိုင်သော ဒေသအခေါ်အဝေါ်များ) | ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်)ဆေး |
| ၂(စ) | အသုံးပြုသောပစ္စည်းများ (ပစ္စည်းများ၊ အဝတ်အထည်များ၊ ကိုးကွယ်သည့် အရာဝတ္ထုများ၊ ပတ်သက်သည့်နေရာ(များ) လက်ဆင့်ကမ်းမှု အစဉ်အလာ နှင့် ဆက်စပ်နေသောပစ္စည်းများ) | ပေစာ၊ ဆေးကျမ်းတို့မှ တွေ့ရှိသည်။<br>တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးစက်ရုံများမှ ထုတ်လုပ်သည်။ |

| | | |
|---|---|---|
| ၂(ဆ) | ဆက်စပ်နေသောအခြားပစ္စည်းများ (အစဉ်အလာနှင့် ဆက်စပ်နေသော ပစ္စည်းများ - ဥပမာ- ပွဲပေးခြင်း၊ ပူဇော်ခြင်း) (ရှိလျှင်ဖော်ပြပါ) | - မရှိ |
| ၂(ဇ) | ကိုးကွယ်ယုံကြည်မှု၊ ဓလေ့ထုံးစံ ကျင့်သုံးမှုများ/ အယူအဆများ (ရှိလျှင်ဖော်ပြပါ) | မယူအပ်သောနေရာများမှ ဆေးပင်၊ ဆေးပစ္စည်းတို့အား အသုံးမပြုပါ။ (ဥပမာ - သုသာန်အရပ်မှ ဆေးပင်များ) ဓာတုဝိဘာဂဒီပနီဆေးကျမ်းပေမူပါ ဝေသာရဇ္ဇ (ဆေးပုလဲကလာပ်)ဆေးသည် ပူ၊ ခါး၊ စပ် အရသာရှိ၍ ဥဏှ၊ ဝါယော၊ အာကာသကိုဖြစ်စေပြီး သီတ၊ တေဇောကို ငြိမ်းစေပါသည်။ ဗဟိဒ္ဓ၊ အာပေါ၊ အာဗန္ဓနကို ပျက်စေ၍ အာကာသရစေပါသည်။ သင်္ဂဟိတနှင့် ပထမဖြူဟနနာများကို ကုသရာတွင် အဓိကသုံးစွဲပါသည်။ တိုင်းရင်းဆေးပညာ အယူအဆအရ သောက်ဆေး၊ လိမ်းဆေးအနေဖြင့် အသုံးပြုနိုင်ပါသည်။ |
| ၂(ဈ) | လက်ဆင့်ကမ်းသည့်နည်းလမ်းများ | ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်) ဆေးသည် ဓာတုဝိဘာဂ ဆေးကျမ်းပေမူပါ သမားအစဉ်အဆက် လက်ဆင့်ကမ်းခဲ့သည့် ဆေးနည်းတစ်ခုဖြစ်ပြီး ၁၉၇၄ ခုနှစ်မှ စတင်ကာ ဌာနသုံးတိုင်းရင်းဆေးနည်း (၅၇) မျိုးထဲတွင် ထည့်သွင်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးရာတွင် အစဉ်အဆက် အသုံးပြုခဲ့ကြပါသည်။ တိုင်းရင်းဆေးတက္ကသိုလ်၊ ဆေးဝါးဗေဒ ဘာသာရပ်၏ သင်ရိုးညွှန်းတမ်းတွင်လည်း ထည့်သွင်း၍ သင်ကြားလျက်ရှိပါသည်။ |
| ၂(ည) | သက်ဆိုင်ရာအသင်းအဖွဲ့/ အစည်းအရုံး(ပန်းအစည်းအရုံး/ | တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်။ |

| | |
|---|---|
| ဂီတအစည်းအရုံး/<br>သဘင်အစည်းအရုံး/ စဥ့်ထည်<br>အစည်းအရုံး/ စာပေနှင့်<br>ယဉ်ကျေးမှုအဖွဲ့များ/<br>NGOအဖွဲ့များ / အခြားအဖွဲ့<br>အစည်းများ) | |
| **၃။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းတည်တံ့မှုအခြေအနေ** | |
| ၃(က) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်၏<br>အစဉ်အလာ<br>ဆက်လက် တည်တံ့မှု ရှိ– မရှိ<br>အခက်အခဲ ရှိ– မရှိ<br>အခက်အခဲမရှိပါက<br>ဆက်လက်တည်တံ့မှုဆောင်ရွက်<br>ထားသည့် အခြေအနေ | - ဆက်လက်တည်တံ့မှုရှိမည်။<br>- အခက်အခဲမရှိပါ။<br>- ပါဝင်သောကုန်ကြမ်းများအား လွယ်ကူစွာရရှိနိုင်ပါသည်။ ဝေသာရဇ္ဇ (ဆေးပုလဲကလာပ်)ဆေး သည် ဓာတုဝိဘာဂဆေးကျမ်းပေမူပါ ဆေးနည်းတစ်ခု ဖြစ်ပြီး ၁၉၇၄ ခုနှစ်မှစတင်ကာ ဌာနသုံး တိုင်းရင်းဆေးနည်း (၅၇)မျိုး ထဲတွင်ထည့်သွင်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးရာတွင် အစဉ်အဆက် အသုံးပြုခဲ့ကြပါသည်။ |
| ၃(ခ) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်<br>လက်ဆင့်ကမ်းခြင်း<br>တည်တံ့မှုရှိ / မရှိ<br>အခက်အခဲရှိ– မရှိ<br>ဆက်လက်တည်တံ့ရန်<br>ကြိုတင်ပြင်ဆင် ဆောင်ရွက်<br>ထားသည့် အခြေအနေ | သမားအစဉ်အဆက်သုံးစွဲခဲ့ပါသည်။<br>တည်တံ့မှုရှိပါသည်။<br>အခက်အခဲမရှိပါ။<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊<br>တိုင်းရင်းဆေးပညာဦးစီးဌာနမှ ပြည်သူလူထု၏ ကျန်းမာရေးကို စောင့်ရှောက်မှုပေးရာတွင် ဌာနသုံး တိုင်းရင်းဆေးဝါးအနေဖြင့် သတ်မှတ်၍ သုံးစွဲလျက်ရှိပါသည်။ |
| ၃(ဂ) ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်<br>နှင့် ဆက်စပ်နေသည့်ပစ္စည်းများ<br>အသုံးပြုနိုင်ရေး | အခက်အခဲမရှိပါ။<br>ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်)ဆေးသည် ကုန်ကြမ်းပစ္စည်း ၂၅ မျိုး ပါဝင်သော ဆေးဖုံတစ်ခု ဖြစ်ပြီး |

| | |
|---|---|
| အခက်အခဲရှိ- မရှိ<br>ဆက်လက်တည်တံ့ရန်<br>ကြိုတင်ပြင်ဆင် ဆောင်ရွက်<br>ထားသည့် အခြေအနေ | တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများမှ ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်ရာတွင် အသုံးပြုနိုင်ရန်အတွက် တိုင်းရင်းဆေးပညာဦးစီးဌာန၊ တိုင်းရင်းဆေးဝါးစက်ရုံများမှ ထုတ်လုပ်ပေးလျက် ရှိပါသည်။ |
| ၃(ဃ)ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်နှင့်<br>ဆက်စပ်နေသည့်ရိုးရာ<br>အစဉ်အလာ<br>တည်တံ့မှုရှိ / မရှိ<br>အခက်အခဲရှိ / မရှိ<br>ဆက်လက်တည်တံ့ရန်<br>ကြိုတင်ပြင်ဆင်<br>ဆောင်ရွက်ထားသည့်<br>အခြေအနေ | ဓာတုဝိဘာဂဒီပနီဆေးကျမ်းပါ ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်) ဆေးအား ရိုးရာဆေးနည်းတစ်ခုအနေဖြင့် အစဉ်အဆက် အသုံးပြုခဲ့ကြပါသည်။<br>တည်တံ့မှုရှိပါသည်။ အခက်အခဲမရှိပါ။ |
| ၃(င) အနာဂတ်တွင် အစဉ်အလာနှင့်<br>လက်ဆင့်ကမ်းမှုအခြေအနေ<br>တည်တံ့မှုရှိ / မရှိ<br>အခက်အခဲရှိ / မရှိ<br>အားပေးမှုရှိ / မရှိ<br>ထိန်းသိမ်းစောင့်ရှောက်မှုရှိ / မရှိ<br>(နေရာအခြေအနေ) | <br><br>- ရှိ<br>- မရှိ<br>- ရှိ<br>- ရှိ<br>ဝေသာရဇ္ဇ(ဆေးပုလဲကလာပ်)ဆေးကို ၁၉၇၄ ခုနှစ်မှ စတင်ကာ ဌာနသုံး တိုင်းရင်းဆေးနည်း (၅၇) မျိုး ထဲတွင်ထည့်သွင်း၍ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဌာနပိုင် တိုင်းရင်းဆေးနည်းတစ်ခုအဖြစ် သတ်မှတ်ထိန်းသိမ်း ထားပါသည်။ |
| ၃(စ) ဒေသခံလူထု၏ဒြပ်မဲ့အမွေအနှစ် | ဓာတုဝိဘာဂဒီပနီဆေးကျမ်းပါ ဝေသာရဇ္ဇ (ဆေးပုလဲကလာပ်)ဆေးအား ရိုးရာဆေးနည်း တစ်ခုအနေဖြင့် |

| | |
|---|---|
| ပစ္စည်းပေါ်တန်ဖိုးထားမှု<br>အခြေအနေ | ပြည်သူလူထုက အစဉ်အဆက် အလေးထား အသုံးပြုခဲ့ကြပါသည်။ |
| **၄။ အချက်အလက်ကန့်သတ်ချက်နှင့် ခွင့်ပြုချက်များ**<br>**4. Data restrictions and permissions** | |
| ၄(က) အချက်အလက်ဆိုင်ရာ သတင်း ထုတ်ပြန်မှုနှင့်ပတ်သက်၍ တင်သွင်းသည့် အဖွဲ့အစည်း (များ)၏ ခွင့်ပြုချက် | တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခွင့်ပြုချက်ဖြင့် တင်သွင်းသည်။ |
| ၄(ခ) အချက်အလက်အသုံးပြုခြင်းအပေါ် ကန့်သတ်ခြင်းများရှိ / မရှိ (ရှိလျှင်ဖော်ပြပါ) | - ဝေသာရဓွ (ဆေးပုလဲကလာပ်)ဆေးသည် တိုင်းရင်းဆေးပညာရှင်များ၏ ညွှန်ကြားချက်အတိုင်း သုံးစွဲရမည့် ဆေးနည်းတစ်ခု ဖြစ်ပါသည်။ |
| ၄(ဂ) စာရင်းတင်သွင်းသည့်ပစ္စည်းနှင့် သက်ဆိုင်သည့်ပုဂ္ဂိုလ်(များ)/ လက်တွေ့ဆောင်ရွက်နေသော ပုဂ္ဂိုလ်(များ)<br>အမည်-<br>ပူးပေါင်းမှုအခြေအနေ- | - ဒေါက်တာသံလွင်ထွန်း<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်၊<br>တိုင်းရင်းဆေးပညာဦးစီးဌာန၊<br>ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နေပြည်တော်)<br>- ဦးစိုးမိုး<br>(ဒုတိယညွှန်ကြားရေးမှူး၊<br>တိုင်းရင်းဆေးပညာဦးစီးဌာန)<br>- ဒေါ်နေနေနိုင်ရည် (လက်ထောက်ညွှန်ကြားရေးမှူး၊<br>တိုင်းရင်းဆေးပညာဦးစီးဌာန)<br>- ဒေါ်မိုးမိုးသန်း<br>(ဦးစီးအရာရှိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန)<br>- ဒေါ်စောပြည့်ပြည့်သူ<br>(ဌာနစိတ်မှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန) တို့မှ ပူးပေါင်းပါဝင်ဆောင် ရွက်သည်။ |
| ၄(ဃ) အချက်အလက်များစုဆောင်းသည့် ရက်စွဲနှင့် နေရာ | -တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်။ |

| | |
|---|---|
| (ရှိလျှင်ဖော်ပြပါ) | -တိုင်းရင်းဆေးဝါးစက်ရုံများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းဆေးရုံများ၊ တိုင်းရင်းဆေးကုဌာနများ |
| **၅။ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများနှင့် ပတ်သက်သည့် အကိုးအကားများ** | |
| ၅(က) စာပေမှတ်တမ်းများ (ရှိလျှင်ဖော်ပြပါ) | - ၁၅၅ နှစ် သက်တမ်းရှိ ဓာတုဝိဘာဂဒီပနီ ဆေးကျမ်းပေမူ၊<br>- ဝေသာရဇ္ဇ (ဆေးပုလဲကလာပ်) ဆေးနည်း ပါဝင်သော ဓာတုဝိဘာဂဒီပနီဆေးကျမ်းစာအုပ် (တတိယပိုင်း)၊<br><br>- တိုင်းရင်းဆေးဌာနသုံးဆေးနည်းများ၊ ကျန်းမာရေးဝန်ကြီးဌာန(၁၉၈၂ ခုနှစ်)၊<br>- တိုင်းရင်းဆေးပညာဦးစီးဌာနဌာနသုံးဆေးနည်းများ၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန(၁၉၉၀ ခုနှစ်)၊<br>- မြန်မာတိုင်းရင်းဆေးနည်း နိဿရည်း၊ တိုင်းရင်းဆေးဆရာများအတွက် စံညွှန်းကုထုံး လက်စွဲ။ တိုင်းရင်းဆေးပညာဦးစီးဌာန (၂၀၀၀) ခုနှစ်၊<br>- တိုင်းရင်းဆေးတက္ကသိုလ်၊ ဆေးဝါးဗေဒဌာန၏ ဌာနသုံး တိုင်းရင်းဆေးနည်းများ သင်ရိုးညွှန်းတမ်း စာအုပ်၊<br>- ဌာနသုံးတိုင်းရင်းဆေးနည်းများနှင့် သမားစဉ် ဆေးဖုံများ (၂၀၁၆ ခုနှစ်)၊ တိုင်းရင်းဆေးပညာ ဦးစီး ဌာန၊ |
| ၅(ခ) မော်ကွန်းတိုက်များ၊ ပြတိုက်များနှင့်ပုဂ္ဂလိကတို့မှ စုဆောင်းထားသောရုပ်သံဖိုင်များ၊ ဖမ်းယူထားသော အသံဖိုင်များ အစရှိသောမှတ်တမ်းများ (ရှိလျှင်ဖော်ပြပါ) | - မရှိပါ။ |

| | |
|---|---|
| ၅(ဂ) မော်ကွန်းတိုက်များ၊ ပြတိုက်များနှင့်ပုဂ္ဂလိကတို့မှစုဆောင်းထားသောမှတ်တမ်းပစ္စည်းများနှင့် အရာဝတ္ထုပစ္စည်းများ (ရှိလျှင်ဖော်ပြပါ) | ၁၅၅ နှစ် သက်တမ်းရှိ ဓာတုဝိဘာဂဒီပနီဆေးကျမ်း ပေမူ |
| **၆။ အချက်အလက်များစာရင်းသွင်းခြင်း** | |
| ၆(က) အချက်အလက်စုဆောင်းပေးသူ (များ)<br>အမည်-<br>ရာထူး-<br>ဌာန- | -ဒေါက်တာသံလွင်ထွန်း<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နေပြည်တော်)<br>-ဦးစိုးမိုး<br>(ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန)<br>-ဒေါ်နေနေနိုင်ရည်<br>(လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန)<br>-ဒေါ်မိုးမိုးသန်း<br>(ဦးစီးအရာရှိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန)<br>-ဒေါ်စောပြည့်ပြည့်သူ<br>(ဌာနစိတ်မှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန) တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ |

| | |
|---|---|
| ၆(ခ) စာရင်းတင်သွင်းခြင်းနှင့် ဖြည့်သွင်းသည့် အချက်အလက်များနှင့် ပတ်သက်၍ တင်သွင်းသည့်အဖွဲ့အစည်းများ၏ ခွင့်ပြုချက် အထောက်အထား<br>အမည်-<br>အသက်-<br>အလုပ်အကိုင် - | -ဒေါက်တာသံလွင်ထွန်း<br>(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ နေပြည်တော်)<br>-ဦးစိုးမိုး<br>(ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန)<br>- ဒေါ်နေနေနိုင်ရည်<br>(လက်ထောက်ညွှန်ကြားရေးမှူး၊ တိုင်းရင်းဆေးပညာ ဦးစီးဌာန)<br>- ဒေါ်မိုးမိုးသန်း<br>(ဦးစီးအရာရှိ၊ တိုင်းရင်းဆေးပညာဦးစီးဌာန)<br>-ဒေါ်စောပြည့်ပြည့်သူ<br>(ဌာနစိတ်မှူး၊ တိုင်းရင်းဆေးပညာဦးစီးဌာန) တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်သည်။ |
| ၆(ဂ) စာရင်းများစုစည်းသူ (ရုံးချုပ်)<br>အမည်-<br>ရာထူး -<br>ဌာန– | တိုင်းရင်းဆေးပညာဦးစီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်။ |
| ၆(ဃ) စာရင်းတွင် အချက်အလက် အပြည့်အစုံရေးသွင်းသည့် ရက်စွဲ - | ၅ - ၂- ၂၀၂၀ |

## နောက်ဆက်တွဲ(က) ဓာတ်ပုံမှတ်တမ်းများ

(၁) ဓာတုဝိဘာဂဒီပနီဆေးကျမ်းပေမူ (မူရင်း)




(၂) ဓာတုဝိဘာဂဒီပနီဆေးကျမ်းပေမူ နှင့် ပေမူ မှ ဘာသာပြန်ထားသော စာအုပ်များ






## (၃) ဝေသာရဒ္ဓဆေးပုလဲကလာပ် ဆေးနည်းပါ ဌာနသုံးဆေနည်းများနှင့် သမားစဉ်ဆေးပုံများစာအုပ်



## (၄) ဝေသာရဇ္ဇဆေးပုလဲကလာပ်၏ ဆေးဖုံ့ကို ဖော်ပြပုံ ဌာနသုံးဆေးနည်းများနှင့် သမားစဉ်ဆေးဖုံ့များစာအုပ်






## (၅) ပေမူဆေးကျမ်းပါ ဝေသာရဒွေဆေးပုလဲကလာပ်ဆေးကိုအသုံးပြုပြီး တိုင်းရင်းဆေးရုံ ဆေးကုဌာနများ၏ ဆေးကုသမှု မှတ်တမ်း






*(၂၁-၁-၂၀၂၀) ရက်နေ့ မြန်မာနိုင်ငံဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းမြှင့်တင်ရေး ကော်မတီ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသံလွင်ထွန်း တက်ရောက်ခဲ့ခြင်း သတင်းစာမှတ်တမ်း*

## မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းမြှင့်တင်ရေးကော်မတီ တတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချခြင်း၊ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ဆောင်းပါးများဖော်ပြခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၀၀ ကျော် မှီတင်းနေထိုင်သော ပြည်ထောင်စုဖြစ်သည်နှင့်အညီ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် အမျိုးအစားများနှင့် ပညာရှင်များ စုံလင်စွာရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအနက်မှ စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် အမွေအနှစ်များကို နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရန်အတွက် UNESCO သို့ အမည်စာရင်းတင်သွင်းရန်လည်း စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ဆက်လက်၍ ကမ္ဘာ့အမွေအနှစ်စာရင်း ဝင်ရောက်နိုင်ရေးအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ဦးဆောင်ပြီး ဆက်စပ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

### မြန်မာ့သနပ်ခါး

မိမိတို့အနေဖြင့် မိမိတို့နိုင်ငံ၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များအနက်မှ စံသတ်မှတ်ချက်များကိုက်ညီသည့် အမွေအနှစ်များကို နိုင်ငံတကာအဆင့် ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်လာပါကြောင်း၊ ယခု UNESCO ၏ လူသားအမျိုးအနွယ်ကို ကိုယ်စားပြုစာရင်း (Representative List of the Intangible Cultural Heritage of Humanity)သို့ မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ထုံးစံကို အမည်စာရင်းတင်သွင်းရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ မြန်မာ့သနပ်ခါးသည် UNESCO ၏ ... ငါးခုလုံးနှင့်လည်း အကျုံးဝင်ခြင်း၊ မိမိတို့တစ်မျိုးသားလုံး၏ ယဉ်ကျေးမှုလက္ခဏာတစ်ရပ်အဖြစ် ကိုယ်စားပြုခြင်း၊ မိမိတို့လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို ကိုယ်စားပြုတန်ဖိုးထားမြတ်နိုးထိန်းသိမ်းထားရှိလျက်ရှိသောကြောင့် မိမိတို့တစ်မျိုးသားလုံး၏ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး စသည့် နေ့စဉ်လူနေမှုဘဝတွင် အရေးပါသောနေရာ၌ ပါဝင်နေသည့်အပြင် သတ်မှတ်စံနှုန်းများနှင့်လည်း ကိုက်ညီနေခြင်းကြောင့် မြန်မာ့သနပ်ခါးကို UNESCO သို့ အမည်စာရင်းတင်သွင်းရန် လျာထားခြင်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ အမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရာတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြန်မာနိုင်ငံအမျိုးသားဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ် ... National Register of the ...

## *၂၀၁၉ ခုနှစ်၊ ဩဂုတ်လ၊ မြန်မာနိုင်ငံမှတိုင်းရင်းဆေးမှတ်တိုင်များစာအုပ်၊ စာမျက်နှာ(၁၄) ပါ အကြောင်းအရာအား မှီငြမ်းကိုးကားခဲ့ခြင်း*



- အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် ရောက်ရှိလာခဲ့သော သင်္သကရိုက်ဘာသာ အာယုဗ္ဗေဒ ဆေးကျမ်းများအနက် ဒြဗျဂုဏပြကာသဆေးကျမ်း၊ သာရကောမုဒီဆေးကျမ်း၊ ဩသဓရတနာကရဆေးကျမ်း၊ ဓာတုပြသံသဆေးကျမ်း၊ ကာမာရတနာဆေးကျမ်း၊ ဒြဗျဂုဏပြကာသဋီကာနှင့် ကျမ်းရင်းနိဿ၊ ကာမာရတနဋီကာနှင့် ကျမ်းရင်းနိဿယ၊ သာရကောမုဒီဋီကာနှင့် ကျမ်းရင်းနိဿယ၊ ဩသဓရတနာကရဋီကာနှင့် ကျမ်းရင်းနိဿယများကို မောင်းထောင်သာသနာပိုင်ကိုယ်တိုင် ဘာသာပြန်ဆို ရေးသားတော်မူသည်။

- မောင်းထောင်ဆရာတော်သည် ဆေးကျမ်းများကိုသာမက အခြားအဘိဓာန်ကျမ်း၊ ဗေဒင်ကျမ်းစသည်တို့ကိုလည်း ဘာသာပြန်တော်မူခဲ့သည်။ မောင်းထောင်သာသနာပိုင်သည် ကောဇာသက္ကရာဇ် ၁၁၇၄ ခုနှစ်တွင် လူဝတ်ကြောင်ဘဝသို့ ရောက်ရှိပြီးနောက် မဟာဓမ္မသင်္ကြိုဟ်ူသော ဘွဲ့နှင့် မင်းတိုင်ပင်အမတ်ကြီး အဖြစ် အမှုတော်ကို ထမ်းဆောင်စဉ် သစ်ပင်၊ ဆေးပင် အမည် (၇၀၀)တို့ကိုလည်း ရေးသားခဲ့သည်။

- ဘိုးတော်ဗဒုံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၆၀ ပြည့်နှစ်တွင် မင်းကွန်းတောရ အရှင်မုနိန္ဒာဘိဓေ မထေရ်သည် ကုန်းဘောင် ဆင်ဖြူရှင်မင်းလက်ထက် သက်ပန်းဆရာ(တော်)ရေးသားခဲ့သော ဓာတုဝိဘာဂဒီပနီဆေးကျမ်းကို နောင်လာနောက်သားတို့ အလွယ်တကူကြည့်ရှုနိုင်စေခြင်းငှာ ကိုးပိုင်းကိုးကဏ္ဍတို့ဖြင့် တန်ဆာဆင်ကာ စကားပြေဖြင့် ရေးသားခဲ့သည်။

- နရသုခိကျမ်းသည် နရငါးတွဲခေါ် ဆေးကျမ်းငါးကျမ်းတို့တွင် အပါအဝင်ဖြစ်သည့်သာမက ထိုငါးကျမ်းတို့တွင် ရှေးအကျဆုံး နရလည်းဖြစ်သည်။ ထိုကျမ်းကို ဘိုးတော်ဗဒုံမင်းလက်ထက် မြန်မာသက္ကရာဇ် ၁၁၇၇ ခုနှစ်တွင် အင်းဝမြို့ဝန်မင်း မင်းရဲဇေယျကျော်၏ စာရေးတော်ကြီး ဦးကောင်းရေးသားခဲ့ခြင်း ဖြစ်သည်။

**အေဒီ ၁၈၁၉-၁၈၃၆**

- ဘိုးတော်ဘုရား(ခေါ်)ဗဒုံမင်း နတ်ရွာစံပြီးနောက် နောင်အခါ ဘကြီးတော်ဟု ခေါ်ဝေါ်ထင်ရှားမည့် စစ်ကိုင်းမင်း နန်းတက်လာသည်။ ဗဒုံမင်းမင်းလက်ထက်ကကဲ့သို့ပင် ဆေးကျမ်း၊ ဓာတ်ကျမ်းများကို ဘာသာပြန်သည့် လုပ်ငန်းအတွက် အားပေးမြဲ အားပေးလျက်ရှိကြောင်း သိရသည်။